## (၃၀-၄-၂၀၂၁) မှ (၆-၅-၂၀၂၁)ထိ ဆန်ပြည်တွင်း ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ လေ့လာ သုံးသပ်တင်ပြခြင်း

၁။ ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၂၁ ခုနှစ်၊ မေလ ၃ ရက်နေ့တွင် International Rice Market Website တွင် ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ညှော့မထ (၅ %) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၃၈ ဖြင့်လည်းကောင်း၊ ညှော့မထ (၂၅ %) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၈ ဖြင့်လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရှိရပါသည်။ ထိုင်းဆန်ဈေးနှုန်းများမှာ (၁၀၀ %) ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၉ ဖြင့်လည်းကောင်း၊ ညှော့မထ (၅ %) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၃ ဖြင့်လည်းကောင်း၊ ညှော့မထ (၂၅ %) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၂ ဖြင့်လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၆ ဖြင့်လည်းကောင်း အသီးသီး ဖြစ်ပေါ်ခဲ့သည်ကို လေ့လာ သိရှိရပါသည်။

၂။ ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ညှော့မထ (၅ %) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၃ ဖြင့်လည်းကောင်း၊ ညှော့မထ (၂၅ %) ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၈ ဖြင့်လည်းကောင်း ရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ညှော့မထ (၂၅ %) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၈ ဖြင့်လည်းကောင်း အသီးသီး ရှိခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

၃။ ထိုင်းနိုင်ငံ၌ (၁၀၀ %) ဘီဂရိတ်ဆန်၊ ညှော့မထ (၅ %) ဆန်၊ ညှော့မထ (၂၅ %) ဆန်ဈေးများနှင့် ပါကစ္စတန်တွင် ညှော့မထ (၅ %) နှင့် ညှော့မထ (၂၅ %) ဆန်ဈေးနှုန်းများ မြင့်တက်နေခဲ့သည်ကို သိရှိရပါသည်။ အိန္ဒိယနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့၏ ဆန်ဈေးနှုန်းများမှာ တည်ငြိမ်နေခဲ့သည်ကို သိရှိရပါသည်။

၄။ ဆန်ဈေးကွက်နှင့်ပတ်သက်သည့် ပြည်ပသတင်းများအနေဖြင့် Thai Rice Exporter Association တွင် ဖော်ပြချက်အရ EU နှင့် UK နိုင်ငံများသို့ ဆန်တင်ပို့မှု ကိုတာအရ ထိုင်းဆန်တင်ပို့သူများအတွက် ဈေးနှုန်း လျှော့ချပေးရေး အစီအစဉ်ကို ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အစိုးရအဖွဲ့မှ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့က အတည်ပြုပြောကြားခဲ့သည်ကို သိရှိရပါသည်။ EU နိုင်ငံသို့ ဆန်တင်ပို့ရာတွင် ဆန်တစ်တန်လျှင် ဘတ် (၁၅၀၀) လျှော့ချမည်ဖြစ်ပြီး UK နိုင်ငံသို့ ဆန်တင်ပို့ရာတွင်လည်း ဆန်တစ်တန်လျှင် ဘတ် (၁၂၀၀) လျှော့ချမည်ဖြစ်ကြောင်းကို ပြောရေးဆိုခွင့်ရှိသူ Rachada Dhnadirek က ပြောကြားခဲ့သည်ကို

သိရှိရပါသည်။ ၂၀၂၁ ခုနှစ်အတွင်း EU နိုင်ငံသည် ထိုင်းနိုင်ငံမှ ဆန်တန်ချိန် (၁၇၇၂၈) တန်နှင့် ဆန်ကွဲ တန်ချိန် (၄၈၇၂၉) တန်ကို အကောက်ခွန် ကင်းလွတ်ခွင့်ဖြင့် တင်ပို့ခွင့်ပြုထားပြီး၊ UK နိုင်ငံသည် ထိုင်းနိုင်ငံမှ ဆန်တန်ချိန် (၃၇၂၇) တန်နှင့် ဆန်ကွဲတန်ချိန် (၃၇၂၁) တန်ကို အကောက်ခွန် ကင်းလွတ်ခွင့်ပေးခဲ့ပါသည်။ သို့သော်လည်း ထိုင်းနိုင်ငံမှ ဆန်တင်ပို့သူများသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ဆန်တစ်တန်လျှင် ဘတ် (၂၅၀၀) ပေးဆောင်ရပါသည်။ ထို့အပြင် ဆန်တင်ပို့သူများအနေဖြင့် ပို့ကုန်တန်ဖိုး၏ ၀.၇၅ % ကို ပေးဆောင်ကြရကြောင်း သိရှိရပါသည်။

၅။ ပို့ကုန်တန်ဖိုးအပေါ်တွင် အပိုထပ်ဆောင်းပေးရခြင်းသည် ဈေးကွက်နှစ်ခုတွင် ထိုင်းဆန် တင်ပို့သူများ၏ ယှဉ်ပြိုင်နိုင်စွမ်းကို တိုးမြှင့်ပေးရန် ရည်ရွယ်သည်ဟု ဝန်ကြီးဌာနက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။ ထိုင်းနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေး ရန်ပုံငွေ တိုးပွားလာစေရေးအတွက် EU နိုင်ငံနှင့် ကိုတာ သဘောတူညီချက်အရ ဆန်တင်ပို့သူများအနေဖြင့် ပို့ကုန် တန်ဖိုးအပေါ် ထပ်ဆောင်းပေးချေခြင်းကို နိုင်ငံခြားကုန်သွယ်ရေးဌာနမှ ၁၉၉၇ ခုနှစ်တွင် စတင် လုပ်ဆောင်ခဲ့သည်ကို သိရှိရပါသည်။ ထိုင်းဆန်တင်ပို့မှုသည် ကုန်သွယ်ရေး မိတ်ဖက်များ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် အရည်အသွေးကောင်းမွန်သည့် ဆန်အမြောက်အများ ထုတ်လုပ်နိုင်သည့် ဗီယက်နမ်နိုင်ငံကဲ့သို့သော နိုင်ငံများနှင့် ယှဉ်ပြိုင်တင်ပို့နိုင်ရေး လုပ်ဆောင်နေရပြီး တင်ပို့မှုအပေါ် ထပ်ဆောင်း ကောက်ခံမှုကို လျှော့ချပါက တစ်နှစ်လျှင် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးရန်ပုံငွေ (ဘတ်) ၃၁ သန်းခန့် လျော့ကျသွားမည်ဖြစ်ကြောင်း Ms.Rachada က ပြောကြားခဲ့ပါသည်။ ယခုနှစ်တွင် ထိုင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပို့ကုန်ကဏ္ဍမှ ဝင်ငွေတိုးပွားလာစေရေးနှင့် ပို့ကုန်ဈေးကွက်များ ရှာဖွေချဲ့ထွင်နိုင်ရေးကို အစိုးရအနေဖြင့် အတတ်နိုင်ဆုံး ကြိုးစား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် Prayut Chan-o-cha က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

၆။ လက်ရှိ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ဧပြီလ ၃၀ ရက်နေ့ အထိ (ယာယီ) စာရင်းများအရ ကမ္ဘာ့နိုင်ငံပေါင်း (၃၀) ကျော်သို့ ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှု ဆန် တန်ချိန် ၇၁၄၄၇၆.၃၄၃ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၈၉.၈၅၄ သန်း၊ ဆန်ကွဲ တန်ချိန်

၅၃၄၆၄၄.၈၃၀ တန်၊ တန်ဖိုး အမေရိကန် ဒေါ်လာ ၁၈၆.၂၆၄ သန်း၊ စုစုပေါင်း ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၁၂၄၉၁၂၁.၁၇၃ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ သန်းပေါင်း ၄၇၆.၁၁၈ သန်း ရရှိထားပြီး၊ ယခင်နှစ်ကာလတူတွင် ဆန်တန်ချိန် ၁၁၅၄၇၀၇.၉၀၃ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃၅၃.၂၇၄ သန်း၊ ဆန်ကွဲတန်ချိန် ၆၀၃၇၇၁.၀၈၀ တန်၊ တန်ဖိုး အမေရိကန် ဒေါ်လာ ၁၅၇.၉၇၇ သန်း၊ စုစုပေါင်း ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၁၇၅၈၄၇၈.၉၈၃ တန်၊ တန်ဖိုး အမေရိကန် ဒေါ်လာ သန်းပေါင်း ၅၁၁.၂၅၁ သန်း ဖြစ်ကြောင်း ကုန်သွယ်မှုစာရင်းများအရ သိရှိ ရပါသည်။

၇။ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် ဆန်တန်ချိန် ၄၄၀၂၃၁.၅၆၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၆၃.၄၂၀ သန်း တင်ပို့မှု လျော့နည်းခဲ့သည်ကို တွေ့ရှိရပါသည်။ ဆန်ကွဲ တင်ပို့မှုတွင် တန်ချိန် ၆၉၁၂၆.၂၅၀ တန် တင်ပို့မှု လျော့နည်းခဲ့သော်လည်း တန်ဖိုး အမေရိကန်ဒေါ်လာ ၂၈.၂၈၇ သန်း ပိုမိုခဲ့သည်ကို သိရှိရပါသည်။ ဆန်နှင့်ဆန်ကွဲကို တရုတ်နိုင်ငံသို့ အများဆုံး တင်ပို့ရောင်းချနိုင်ခဲ့ခြင်းဖြစ်ပြီး ဘယ်လ်ဂျီယံ နိုင်ငံသို့လည်း ဆန်ကွဲတင်ပို့နိုင်မှု မြင့်တက်ခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သိရှိရပါသည်။

၈။ မြန်မာ–တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၂၁ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း ၁ ယွမ်လျှင် ၂၄၆ ကျပ်နှုန်းရှိပြီး၊ ဧည့်မထ ၂၅ % ဆန်တစ်အိတ်လျှင် ၂၈၂၉၀ ကျပ်မှ ၂၉၅၂၀ ကျပ်ကြား ပေါက်ဈေးရှိကြောင်း သိရှိရပါသည်။ မြန်မာ–ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၂၁ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် ၁ ဘတ်လျှင် ၅၀ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရပါသည်။

၉။ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန် ဈေးနှုန်းများကို လေ့လာကြည့်ပါက ဧည့်မထဆန် တစ်ပြည်လျှင် ဟားခါးမြို့တွင် ၂၄၀၀ ကျပ်၊ မုံရွာမြို့တွင် ၂၁၀၀ ကျပ်၊ မကွေးမြို့တွင် ၁၆၅၀ ကျပ်ဖြင့် အမြင့်ဆုံးဈေးနှုန်းများ ဖြစ်ပေါ်ခဲ့ပြီး ဘားအံမြို့၊ မော်လမြိုင်မြို့နှင့် ပြည်မြို့တို့တွင် ၁၁၀၀ ကျပ်တို့ဖြင့် အနိမ့်ဆုံး ဈေးနှုန်းများ ဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။

၁၀။ **Trading Economics Website** တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက ၅.၅၈ ရာခိုင်နှုန်း ဈေးနှုန်း မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။ ၂၀၂၁ ခုနှစ်၊ မေလ ပထမပတ်တွင် နိုင်ငံတကာဆန် ဈေးနှုန်းများတွင် အတက်/ အကျ

ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်စျေးနှုန်းများ အတက်/အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာ သုံးသပ်တင်ပြအပ်ပါသည်။